## ၅။ ပျပိုး

**Groundnut Aphids : Cowpea aphid: *Aphids craccivora* (C. L. Koch, 1854)**

**Hemiptera: Aphididae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**

 

အကောင်များအား အဝါရောင်၊ အမဲရောင် နှင့် စိမ်းမဲရောင်များအဖြစ် မြင်တွေ့ရသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပိုးမမည်အကောင်များနှင့် အတောင်မပါသော အကောင်ကြီးများသည် အပင်၏ ထိပ်ဖျားပိုင်းများ၊ အရွက်များ၊ အဖူးများနှင့် ပင်စည်များတွင်ကျရောက်ဖျက်ဆီးသည်။ ပျပိုးများသည် အပင်ရောဂါများကိုလည်း သယ်ဆောင်ကူးစက်စေသည်။ ထို့အပြင် အမဲရောင်မှိုများလည်း ကျ ရောက် တတ်ပါသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | – (၃–၅)ရက် |
| ပိုးမမည်အဆင့် | –(၇–၁၁)ရက် |
| ရုပ်ဖုံးအဆင့် | –(၉–၁၁)ရက် |
| အကောင်ကြီးအဆင့် | –(၁၂–၃၁)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပတ်ဝန်းကျင်ရှိ ပဲမျိုးရင်းဝင်အပင်များနှင့် ပေါင်းမြက်များကို ရှင်းလင်းပါ။

(၂) ဖျက်ပိုးဒဏ်ခံနိုင်ရည်ရှိသောမျိုးများအားရွေးချယ်စိုက်ပျိုးပါ။

(၃) အဝါရောင်ပိုးဖမ်းထောင်ချောက်တပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၄)နံနက်စောစော စိုက်ခင်းပတ်ဝန်းကျင် လေတင်ဘက်မှ မီးခိုးမှိုင်း တိုက်ပါ။

(၅)မစိုက်မီမျိုးစေ့အားအီမီဒါကလိုပရစ်(Imidacloprid 600FS /Imidacloprid 70SS) ဆေးဖြင့်လူးနယ်စိုက်ပျိုးပါ။

(၆)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍ စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး(Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)